# AROMA

ဝိ ညာဉ် ရေး ထု စာ စောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.cbc-dc.com

January 2010 အတွဲ ၇၊ အမှတ် ၁။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဝေဖေလီနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။


**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

## ယခုလဖတ်စရာ

- ငါသည်ပြောင်းလဲခြင်းမရှိ
- အဆင်သင့်ဖြစ်ပြီလား
- ကောင်းကင်သို့အလည်တစ်ခေါက်
- ထိုအရှင်ကိုမှတ်မိပြီလား

## ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

## အယ်ဒီတာအဖွဲ့

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

## ကွန်ပြူတာစာစီ

တိုးတိုးခိုင်

---

စာမူပေးပို့လိုသူများအောက်ပါ လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

# ငါသည်ပြောင်းလဲခြင်းမရှိ

ယနေ့ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် မယုံနိုင်စရာအပြောင်းအလဲများ ဖြစ်ပျက်နေပါသည်။ အထူးသဖြင့် ၂၁ ရာစုထဲတွင် ယခင်ကနှင့်မတူ ထူးခြားစွာ ပြောင်းလဲမှုများကိုရင်ဆိုင်နေရပါသည်။ အပြောင်းအလဲတစ်ခုကိုတွေ့ကြုံရပြီး ကြိုးစားရုန်းကန်နေစဉ်၌ပင် နောက်ထပ်အပြောင်းအလဲတစ်ခုကို ထပ်မံရင်ဆိုင်နေရသော အချိန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ''အပြောင်းအလဲ'' ဆိုသောအရာက အဖေါ်အဖြစ်လိုက်ပါနေသည်ကို တွေ့ရှိရပါသည်။

သဘာဝတရားကပင်ပြောင်းလဲနေပါပြီ၊ မိုးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းထန်လာခြင်း၊ တောမီးလောင်ခြင်း၊ လေထုပိုမိုညစ်ညမ်းလာခြင်း၊ ကမ္ဘာကြီးနွေးထွေးလာခြင်း၊ ရေလွှမ်းမိုးခြင်း အစရှိသောဘေးအန္တရာယ်များကိုပို၍ပို၍ တွေ့ကြုံနေရပါသည်။ ကမ္ဘာ့စီးပွါးရေးကပ်ဆိုက်ရောက်လာသောကြောင့် လူသားများ ယခင်နှင့်မတူ ဒုက္ခကြုံတွေ့နေရပါသည်။ အချို့ဒေသများတွင် အစာရေစာရှားပါးလာခြင်း၊ တော်မှတ်ခြင်းဘေးများ နှင့်ပိုမိုတွေ့နေရသော အချိန်ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေး လုပ်ငန်းကလည်း ပြောင်းလဲနေပါပြီ၊ ယခင်က တစ်နေရာနှင့်တစ်နေရာသွားလာရန်အတွက် အချိန်ပေးပြီးသွားလာနေရသော်လည်း၊ ယခုအချိန်တွင် ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်းကိုလျင်မြန်လွယ်ကူစွာသွားလာနိုင်သော အချိန်ဖြစ်နေပါသည်၊ အင်တာနက်ခေတ်ရောက်နေသောကြောင့် ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပျက်နေသောသတင်းအားလုံးကို ချက်ခြင်း ကြားနေရသည်သာမက မြင်တွေ့နေရသောအချိန်ဖြစ်နေပါသည်။ ဖြစ်ပျက်နေသောပြစ်မှုသတင်းများက မယုံနိုင်စရာဖြစ်နေပါပြီ။ သားသမီးကမိဘကိုသတ်၊ မိဘကသားသမီးကိုသတ်၊ အချင်းချင်း လူမဆန်စွာသတ်ဖြတ်ခြင်း၊ မကျေနပ်ချက်ကြောင့်သော်၎င်း၊ စိတ်ရောဂါကြောင့်

**သမ္မာကျမ်းစာတစ်အုပ်ကိုပိုင်ဆိုင်ထားခြင်းသည်**
**ကြီးလေးသောတာဝန်တစ်ရပ်ကို ရရှိထမ်းဆောင်ရခြင်းဖြစ်သည်။**

သော်၄င်း၊ သေနတ်ကိုင်၍ အပြစ်မဲ့သူများကို ပစ်ခတ်ခြင်း အစရှိသော သတင်းများကိုနားပင်မဆန့်အောင် ကြားနေရပါသည်။ စာသင်ကျောင်းများတွင်ပင် ကျောင်းသူကျောင်းသားများက ဓါး၊ သေနတ်အစရှိသောလက်နက်များကိုယူဆောင်လာ၍ ပြဿနာကြုံနေရသောအချိန်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံတွင် လက်ထပ်ထိမ်းမြားသော အိမ်ထောင်များ၏ ၅၀ ရာခိုင်နှုန်းသည်ကွာရှင်းပြတ်စဲခြင်းနှင့် အဆုံးသတ်နေရသောအချိန်ဖြစ်ပါသည်၊ အပျိုဘော်ဝင်စမိန်းကလေးများ၏ ၁၆ ယောက်တွင် ၁ ယောက်သည်အရွယ်မရောက်မီ ကလေးမွေးဖွားခြင်းအမှုကို ပြုနေကြပါသည်၊ ဘုရားသခင်၏ ထိမ်းမြားခြင်းဥပဒေဖြစ်သော လူယောက်ျားနှင့်လူမိန်းမတို့၏ ထိမ်းမြားခြင်းသာမက လူတို့ရေးဆွဲသောဥပဒေဖြစ်သည့် ယောက်ျားနှင့်ယောက်ျား၊ မိန်းမနှင့်မိန်းမထိမ်းမြားခြင်းကိုပင်လက်ခံ အတည်ပြုသောအချိန်ဖြစ်နေပါသည်။

ဤကဲ့သို့သောအပြောင်းအလဲမြောက်များစွာတို့သည် လူမှုရေး၊ နိုင်ငံရေး၊ စီးပွါးရေးများကိုပြောင်းလဲစေသည်သာမက ဘာသာရေးကိုပါ ပြောင်းလဲစေသောအချိန်ဖြစ်နေပါသည်။ အမေရိကန်နိုင်ငံရှိအသင်းတော်များ၏ ၈၀ မှ ၈၅ ရာခိုင်နှုန်းသည်ကျဆင်း နေပါပြီ။ ၃ ပုံ ၂ ပုံသောကလေးသူငယ်များသည် ဘာသာရေး နှင့်ပတ်သက်သောသင်ကြားခံယူမှုကို လုံးဝမရရှိသောအချိန် ဖြစ်နေပါသည်။ လာမည့်အနှစ် ၃၀၊ ၄၀ တွင် ဧဝံဂေလိ လုပ်ငန်းလုပ်ရန် အင်မတန်မှခက်ခဲသောအချိန် ဖြစ်လာလိမ့်မည်ဟုခန့်မှန်းနိုင်ပေသည်။

အထက်ပါ အကြောင်းအရာအားလုံးကို ဆင်ခြင်ကြည့်ပါက ကျွန်ုပ်တို့နေထိုင်သောကမ္ဘာကြီးသည် အထိန်းအချုပ်မရှိ၊ ဖြစ်ချင်တိုင်း ဖြစ်နေပြီဟူ၍ခံစားရပါသည်။ အပြောင်းအလဲကို ကျွန်ုပ်တို့လိုက်၍ပင်မမှီနိုင်တော့ပါ။ ဖြစ်ခဲ့သောအရာများကို စဉ်းစားကြည့်လျှင်သော်၄င်း၊ ဖြစ်လာမည့်အရာများကိုကြိုတင် တွေးကြည့်လျှင်သော်၄င်း စိတ်ဓါတ်ကျစရာများနှင့်ပြည့်၍ ခွန်အားတက်စရာတစ်ခုမျှမရှိပေ။ ကျွန်ုပ်တို့ရှေ့ဆက်အဘယ်သို့ အသက်ရှင်ကြမည်နည်း။

သို့သော်မာလခိ ၃း၆ ၌ ဘုရားသခင်က “ငါသည်ထာဝရဘုရားသခင်ဖြစ်၍ ပြောင်းလဲခြင်းမရှိ”ဆိုပြီးအတိအလင်း ဖော်ပြထားပါတယ်။ ကမ္ဘာကြီးဖြောင်းဆန်အောင် ပြောင်းလဲနေပါစေ မနေ့၊ ယနေ့၊ နောင်ကာလမပြောင်းလဲသော ဘုရားသခင်ကို ယုံကြည်ကိုးစားခိုလှုံခွင့်ရရှိသော ကျွန်ုပ်တို့ ယုံကြည်သူများအတွက် လုံးဝပူပင် ကြောင့်ကြစရာမလိုပါ။ ဘုရားသခင်က ကမ္ဘာကြီးကိုထိန်းချုပ်လျှက်ရှိနေပါသည်။ ရှေ့ရေး အတွက်လုံးဝ ကြောက်စရာမလိုရန် ဘုရားသခင်က ဤကျမ်းချက်အားဖြင့် အရာရာကိုရင်ဆိုင်နိုင်ရန် ခွန်အားပေးနေပါသည်။

(အထက်ပါကျမ်းစကားကို မာလခိက ဣသရေလလူမျိုးများသည် ထိုခေတ်အချိန်အခါ၌ ဘာသာရေးကျင့်ထုံးများ လျော့ရဲလျက် နာမတော်ကိုမထိမဲ့မြင်ပြုသောယဇ်ပုရောဟိတ်များ၏ဦးဆောင်မှုကြောင့်အင်္ဂါမစုံသောတိရစ္ဆာန်များဖြင့် ယဇ်ပူဇော်ခြင်း၊ ဆယ်ဘို့တစ်ဘို့ကိုသော်၄င်း၊ ပူဇော်သက္ကာတို့ကို လုယူခြင်း၊ လက်ထပ်မယားကိုသစ္စာဖောက်၍စွန့်ပြစ်ခြင်း၊ ပဋိညာဉ်များကို ချိုးဖောက်ခြင်းစသောအပြောင်းအလဲများနှင့် ပြည့်နေသော အချိန်၌ ရေးသားခြင်းဖြစ်ပါသည်)

“ ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏ဂုဏ်တော်ကို ဆက်လက်လေ့လာကြပါစို့”

## (၁)ဘုရားသခင်၏သဘာဝစရိုက်ပြောင်းလဲခြင်းမရှိ

ကျွန်ုပ်တို့လူသားများ၏သဘာဝ၊ စရိုက်သည် ငယ်စဉ်ကလေးဘဝမှအရွယ်အိုမင်းသည်အထိတိုင်အောင်အစဉ်အမြဲ ပြောင်းလဲလေ့ရှိသော်လည်း ထာဝရဘုရားသခင်သည် ထာဝရပြောင်းလဲခြင်းမရှိပါ။ အနန္တတန်ခိုးနှင့်ပြည့်စုံသော ဘုရားဖြစ်သည်နှင့်အညီ ဘုရားသခင်၏တန်ခိုးကြီးမြတ်ခြင်းအရာကို တိုင်းတာ၍မရနိုင်ပါ။ ဘုရားသခင်၏ဉာဏ်ပညာတော်သည်လည်း ပြောင်းလဲခြင်းမရှိ၊ ဆာလံ ၁၀၄း၂၄ ၌ဆာလံဆရာက “အိုထာဝရဘုရား ကိုယ်တော်စီရင်ပြုပြင်တော်မူသောအရာတို့သည် အလွန်များပြားပါ၏ ရှိရှိသမျှတို့ကိုပညာတော်အားဖြင့် ဖန်ဆင်းတော်မူ၏” ဟုဆိုထားပါသည်။ မှန်ပါသည်၊ ကျွန်ုပ်တို့ကမ္ဘာကြီးထဲ၌ ရှိသောအရာ ခပ်သိမ်းတို့သည် ဘုရားသခင်၏ပညာတော်အားဖြင့်ဖန်ဆင်းထားပြီး ထိုလုပ်ဆောင်ချက်အရာအားလုံးတို့ကို ကျွန်ုပ်တို့ရေတွက်၍ပင် မရနိုင်ပါ။

ထို့ကြောင့်ဘုရားသခင်သည်သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်း၊ တည်တံ့ခြင်းနှင့်ပြည့်စုံသောဘုရားဖြစ်သည်သာမက ကြင်နာခြင်း၊ တရားမျှတခြင်း၊ သစ္စာရှိခြင်း၊ ပညာဉာဏ်နှင့်ပြည့်စုံခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်းနှင့်ခွင့်လွှတ်ခြင်းအစရှိသော စရိုက်အားလုံးနှင့်ပြည့်စုံသော မပြောင်းလဲသောဘုရားဖြစ်ကြောင်း

တွေ့ရှိရပါသည်။

## (၂) ဘုရားသခင်၏အကြံအစည်ပြောင်းလဲခြင်းမရှိ

ကျွန်ုပ်တို့သည်မိမိတို့ကြံစည်သမျှကို အကြောင်းမညီညွတ်ပါက ပြောင်းတတ်လေ့ရှိပါသည်။ သို့သော် ဘုရားသခင်က သူ၏အကြံအစည်ကို မည်သည့်အခါမှပြောင်းလေ့မရှိပါ။ ထို့ပြင် သူ၏အကြံအစည်သည် အစဉ်အမြဲပြီးမြောက်၊ ထမြောက်အောင်မြင်လေ့ရှိပါသည်။ ယေရမိအနာဂတ္တိ ၂၉း၁၁ ၌ "ငါသည်သင်တို့ကို အကျိုး နည်းစေခြင်းငှာ ကြံစည်သောအကြံမဟုတ်ဘဲ သင်တို့သည် မြော်လင့်သောအကျိုးကိုရမည့်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှာသာ၊ သင်တို့အဘို့ ကြံစည်သောအကြံတို့ကိုငါသိ၏" ဟူ၍ ဖော်ပြထားပါသည်။

ဘုရားသခင်ကျွန်ုပ်တို့အတွက်ပြုထားသော အကြံအစည်သည် အကျိုးနည်းစေဖို့ရန်မဟုတ်၊ မြော်လင့်သော အကျိုးကို ရစေဘို့ရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ တခါတရံကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံအစည်ကိုမသိသောကြောင့် မေးခွန်းပေါင်းမြောက်များစွာကို ထုတ်လေ့ရှိတတ်ပါသည်။ နောက်ဆုံး၌ ဘုရားသခင်ထံမှအဖြေကိုရရှိသောအခါ သူ၏အကြံအစည်သည် ကျွန်ုပ်တို့အတွက် အကောင်းဆုံးအကြံအစည်သာဖြစ်ကြောင်း အကြိမ်ကြိမ်တွေ့ရှိခံစားရပါသည်။ ကျွန်ုပ်တို့ကြံစည်ထားသော အကြံအစည်ကိုကျွန်ုပ်တို့သည် လိုအပ်လျှင်လိုအပ်သလို ပြောင်းလဲတတ်သော်လည်း ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုထားသော အကောင်းဆုံးအကြံအစည်များကို ဘယ်သောအခါမှ ပြောင်းလဲလေ့မရှိ၊ သူ၏အကြံအစည်သည်လည်း ထာဝစဉ်တည်မြဲသည်။

## (၃)ဘုရားသခင်၏ကတိတော်ပြောင်းလဲခြင်းမရှိ

သမ္မာကျမ်းစာထဲ၌ကတိတော်ပေါင်းများစွာရှိပါသည်၊ ထိုကတိတော်များသည်လည်း မပြောင်းလဲဘဲအမြဲတမ်းတည်လျှက် ပြည့်စုံလျှက်ရှိနေပါသည်၊ ကျွန်ုပ်တို့ကသာ အကြောင်းအမျိုးမျိုးကြောင့် ကတိဖျက်တတ်သော်လည်း ဘုရားသခင်သည် ကတိပျက်သောဘုရားမဟုတ်ပါ။ ဟေဗြဲ ၁၃း၅ ၌ ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျင်းပြစ်၍မထားဟူ၍၎င်း၊ မဿဲ ၂၈း၂၀ ၌ ငါသည်လည်းကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟူ၍၎င်း အတိအလင်းဖော်ပြထားသကဲ့သို့ အမှန်တကယ်ကျွန်ုပ်တို့ကို မစွန့်မပြစ်၊ အစဉ်မပြတ်အတူရှိနေသောဘုရားဖြစ်ကြောင်း နည်းအမျိုးမျိုးဖြင့်ကျွန်ုပ်တို့လက်တွေ့ခံစားနေကြရပါသည်။

ထို့အပြင်ဘုရားသခင်သည် မိမိပြုထားသော ကတိတော်များကို ကျိန်ဆိုခြင်းအားဖြင့် မြဲမြံစေသောဘုရားဖြစ်ကြောင်း (ဟေဗြဲ ၆း၁၃–၁၉) တွေ့ရှိနိုင်ပါသည်။ လူတို့သည် မိမိထက်ကြီးမြတ်သူကိုတိုင်တည်၍ ကျိန်ဆိုလေ့ရှိပါသည်။ ဘုရားသခင်သည်အာဗြဟံ၌ ကတိထားတော်မူသောအခါ မိမိထက်ကြီးမြတ်သူမရှိသောကြောင့် မိမိကိုယ်ကိုတိုင်တည်၍ သင့်အားအစဉ်အမြဲကောင်းကြီးပေးမည်၊ သင့်ကိုအစဉ်အမြဲ ပွားများစေမည်ဟု ကျိန်ဆိုခဲ့ပါသည်။ ထိုကတိတော်နှင့်အညီ အာဗြဟံသည် ကတိတော်ကို ဝင်စားခွင့်ရရှိခဲ့ပါသည်။ ထို့ကြောင့်ဘုရားသခင်၏ ကတိတော်သည် ဘယ်သောအခါမျှပြောင်းလဲခြင်းမရှိပါ။

## (၄) ဘုရားသခင်၏ချစ်ခြင်းမေတ္တာပြောင်းလဲခြင်းမရှိ

ကျွန်ုပ်တို့၏မေတ္တာသည် အကန့်အသတ်ရှိပါသည်၊ သို့သော်ဘုရားသခင်၏မေတ္တာသည် အကန့်အသတ်မရှိ၊ ပြောင်းလဲခြင်းမရှိ၊ တစ်ဖက်သတ်မေတ္တာနှင့် ကျွန်ုပ်တို့ကိုချစ်နေသောဘုရားဖြစ်ပါသည်။ မိဘများသည် မိမိတို့၏သားဆိုးသမီးဆိုးများကို အမြဲတမ်းချစ်နေသလို ဘုရားသခင်သည်ကျွန်ုပ်တို့၏ညစ်ပတ်ခြင်း၊ အကျင့်ဆိုးများရှိခြင်း၊ မပြည့်စုံခြင်းအရာအားလုံးကို သူသိလျှက်ပင်မပြောင်းလဲသောမေတ္တာနှင့် အမြဲပင်ချစ်နေသောဘုရားဖြစ်ပါသည်။ အဘယ်မျှလောက်ကျွန်ုပ်တို့ကိုချစ်သနည်း ဟုဆိုလျှင် မိမိ၏ တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် ချစ်တော်မူသောဘုရားဖြစ်ပါသည်၊ ကျွန်ုပ်တို့၏ လူလူချင်းအပေါ်တွင်သော်၎င်း၊ ဘုရားအပေါ်၌သော်၎င်း ထားရှိသောမေတ္တာပြောင်းလဲတတ်သော်လည်း ကျွန်ုပ်တို့အပေါ် ထားသောဘုရားသခင်၏မေတ္တာမှာထာဝစဉ်တည်မြဲသည်။

အထက်ပါဂုဏ်သတ္တိ ၄ ချက်အားဖြင့် ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိသောဘုရားဖြစ်ကြောင်း ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့၏တာဝန်မှာ ပြောင်းလဲခြင်းဖြစ်ရပ်အားလုံးကိုရင်ဆိုင်ကျော်လွှားနိုင်ဘို့ရန် မပြောင်းလဲသောဘုရားကို စေ့စေ့မျှော်ကြည့်၍ အသက်ရှင်ရန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အတွင်း၊ အထဲသို့ငုံ့ကြည့်လိုက်ပါက ဒုက္ခရောက်ခြင်း၊ စိတ်ပင်ပန်းခြင်းများနှင့် ပြည့်နေပါလိမ့်မည်။ အနောက်ဘက်သို့ လှည့်ကြည့်ပါက စိတ်ထွေပြားခြင်း၊ လိုရာခရီးမရောက်ခြင်းနှင့်

တွေ့ကြုံရပါလိမ့်မည်။ အရှေ့ဖက်ကိုလှမ်းကြည့်လိုက်ပါက စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်းနှင့်ပြည့်နေပါလိမ့်မည်။ ထို့ကြောင့် အထက်အရပ်၌ရှိသောဘုရားသခင်ကိုစေ့စေ့မျှော်ကြည့်ပါက ကယ်တင်ခြင်း၊ ကယ်မခြင်းကို မုချတွေ့မြင်ရပေလိမ့်မည်။ ဘုရားသခင်ကိုမည်ကဲ့သို့စေ့စေ့မျှော်ကြည့်မည်နည်း။ မောရှေ၏ ဘုရားသခင်ကိုကြည့်မြင်ခြင်းနည်းကို စံနမူနာယူရန် အထူးလိုအပ်ပါသည်။ ဟေဗြဲ ၁၁း၂၇ ၌ “ယုံကြည်ခြင်းအားဖြင့် ရှင်ဘုရင်အမျက်ကိုမကြောက်ဘဲ၊ အဲဂုတ္တုပြည်ကိုစွန့်သွား၏ အကြောင်းမူကား မျက်မြင်မရသောဘုရားသခင်ကိုမြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ၏” မောရှေသည်ဖာရော ဘုရင်သူ့အား ဒုက္ခအမျိုးမျိုးပေးခဲ့သော်လည်း သူ၏အမျက်ကိုမကြောက်ဘဲ အဲဂုတ္တုပြည်ကိုစွန့်ခွာနိုင်ခဲ့ပါသည်။ ခေါင်းမာလှသော ဣသရေလလူမျိုးများသည် မောရှည်အားမကျေမနပ်ပြောဆိုခြင်း မကောင်းပြောဆိုခြင်း၊ ငြီးငြူခြင်း၊ ပုန်ကန်ခြင်းပြုလုပ်ခဲ့သော်လည်း ခံနိုင်ရည်ရှိခဲ့ပါသည်။ သူ၏အစ်မ မိရိအံနှင့်အစ်ကိုအာရုန်တို့၏ ဆန့်ကျင်မှုကိုခံရသော်လည်းခံနိုင်ရည်ရှိခဲ့ပါသည်။ အဘယ်ကြောင့်ဤကဲ့သို့သော ဒုက္ခဆင်းရဲခြင်းမျိုးကိုကျော်လွှားရင်ဆိုင် နိုင်ခဲ့သနည်းဟုဆိုလျှင် သူ၏မျက်စိသည် ယုံကြည်ခြင်းအပြည့်နှင့်မိမိ၏ မျက်စိဖြင့်မမြင်နိုင်သောဘုရားသခင်ကိုမြင်ရသကဲ့သို့ တည်တည်ကြည်ကြည် စေ့စေ့မျှော်ကြည့်ခြင်းအားဖြင့် ခံနိုင်ရည်အပြည့်ရှိခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

ဟေရှာယ ၄၃း၁၈ –၁၉ ၌ “ဖြစ်ဘူးသမျှသောအမှုတို့ကိုမအောက်မေ့ကြနှင့်၊ ရှေးကာလ၏အရာတို့ကိုပမာဏမပြုကြနှင့်၊ ကြည့်ရှုလော့၊ အမှုသစ်ကိုငါပြုမည်” ဟုဆိုထားသည့်အတိုင်းဘုရားသခင်ပြုမည့်အမှုသစ်ကိုမြင်နိုင်ဘို့ရန် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအပြည့်ဖြင့်ဘုရားသခင်ကို စေ့စေ့မျှော်ကြည့်ရန်အထူးလိုအပ်ပါသည်။

အချုပ်အားဖြင့် အဆုံးစွန်ပြောင်းလဲနေသောလောကကြီးထဲတွင် မကောင်းကြံသူများအလွန်ချမ်းသာ ကြွယ်ဝနေကြပါသည်၊ ကောက်ကျစ်စဉ်းလဲသူများ၊ ဆိုးသွမ်းသူများအထူးအောင်မြင်နေကြပါသည်။ မခံရပ်နိုင်လောက်အောင် ဖိနှိပ်ခံရခြင်း၊ အထင်အမြင်သေးခံရခြင်း၊ အထီးအကျန်ခံစားနေရခြင်းနှင့် ဝေဖန်ကဲ့ရဲ့ခြင်းများကို မရပ်မစဲကြားနေရပါသည်။ အမှားသည် အမှန်၏နေရာကိုအနိုင်ယူပြီး အမှန်တရားကတော့ ရပ်တည်နိုင်ဘို့ရန် အထူးတိုက်ခိုက်နေရသောအချိန် ဖြစ်နေပါသည်၊ သို့သော်မည်ကဲ့သို့သောဆိုးယုတ်သည့်အရာခပ်သိမ်းကို ရင်ဆိုင်နေရပါစေ ကျွန်ုပ်တို့သည်မပြောင်းလဲသောဘုရားသခင်ကို ယုံကြည်ခြင်းအပြည့်နှင့်စေ့စေ့မျှော်ကြည့်ပါက ၂၀၁၀ တစ်နှစ်တာပတ်လုံး ခွန်အားပြည့်၊ ကောင်းကြီးအပြည့်နှင့်ရင်ဆိုင်ကျော်လွှား အောင်မြင်နိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

Hkalaw Pan

---

## အာဆင်သင့် ဖြစ်ပြီလား

ပြင်ဆင်ကြတယ်၊ ပြင်ဆင်ကြတယ်၊ မိဘများက မိမိတို့ကလေးသူငယ်များကို ယယ်ရှယ်စဉ်မှစ၍ ကြီးပြင်းလာသည်အထိ လူ့ဘဝခရီးကို အောင်မြင်စွာလျှောက်လှမ်းနိုင်ဖို့ ပြင်ဆင်ပေးကြတယ်။ စာရေးသူရဲ့ မိခင်ပြောလေ့ရှိတဲ့ စကားတစ်ခွန်းကို ကြားယောင်မိတယ်။ အဲဒါက “စာကြိုးစားကြ၊ မင်းတို့ကြီးလာရင် စတိုင်နဲ့အလုပ်လုပ်နိုင်ဖို့ ပင်ပင်ပန်းပန်းအလုပ်မလုပ်ရအောင်” ဆိုတာပါဘဲ။

စာရေးသူ ကျောင်းပြီးလို့နယ်မှာ အလုပ်စဝင်ဖို့အတွက် ခရီးဆောင်သေတ္တာဝယ်ယူရာ၌ ပေါ့ပါးတဲ့ ဖော့သေတ္တာကိုဝယ်ပေးဖို့ ဖခင်ကိုပူဆာမိတယ်။ တစ်နေ့နိုင်ငံခြားသွားရမယ်ဆိုတဲ့ ဘုရားသခင်ပေးတဲ့ အသိအာရုံနဲ့သွားတဲ့အခါ ဒီသေတ္တာကိုအသုံးပြုမယ်ဆိုတဲ့ ကြိုတင်ပြင်ဆင်မှုပဲပေါ့၊ နောက်..နယ်ကနေ

ရန်ကုန်ပြန်ရောက်လာပြီး၊ နိုင်ငံခြားဘာသာသိပ္ပံကျောင်း (IFL) မှာ ဂျပန်ဘာသာကို တစ်နှစ်ကြာသင်ယူဖြစ်ခဲ့တယ်။ နိုင်ငံခြားသွားဖို့ ကြိုတင်ပြင်ဆင်မှုတစ်ခုဘဲဖြစ်ပါတယ်။

နောက်တော့ ဘုရားသခင်ရဲ့ ပို့ဆောင်မှုနဲ့ ဂျပန်နိုင်ငံကို ရောက်ရှိခဲ့တယ်။ တစ်နှစ်ကြာ ဂျပန်ဘာသာသင်ခဲ့သော်လည်း ဂျပန်ရောက်ပြီး (၃)လလောက်အထိက ဘာသာစကား မကျွမ်းကျင်မှုကြောင့် အခက်အခဲများစွာကြုံတွေ့ခဲ့ရတယ်။ အဲဒီမှာ (၉) နှစ်လောက်နေထိုင်ခဲ့ပြီးတဲ့အခါမှာ ဂျပန်မှာ အင်္ဂလိပ်စာ သင်ပြနေတဲ့ အမေရိကန်တစ်ဦးစီမှာ အင်္ဂလိပ်စကားပြောကို တစ်နှစ်လောက်သင်ယူဖြစ်ခဲ့တယ်။ ဘုရားသခင်ပေးတဲ့ အသိအာရုံနဲ့ အမေရိကန်နိုင်ငံသွားဖို့ ဆိုတဲ့ ကြိုတင်ပြင်ဆင်မှုပဲပေ့ါ။ ၂၀၀၀ ခုနှစ်မှာ အမေရိကန်နိုင်ငံကို ရောက်ရှိခဲ့တယ်။ ငယ်စဉ်ကတည်းက အင်္ဂလိပ်စာ သင်ယူခဲ့သော်လည်း ဘာသာစကားမကျွမ်းကျင်မှုက ယနေ့အထိ ကြုံတွေ့နေရတဲ့ အခက်အခဲတစ်ခုဖြစ်ပါတယ်။

စာဖတ်သူမိတ်ဆွေရဲ့ ဘဝမှာလည်း ဘယ်လောက်ပင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့သော်လည်း မိမိနိုင်ငံမှ နိုင်ငံရပ်ခြား သို့ ရောက်ရှိတဲ့အခါ အခက်အခဲ အနည်းနှင့်အများကြုံတွေ့ ရတတ်တယ်ဆိုတာ ပြန်လည်ဆင်ခြင်မိမှာဖြစ်ပါတယ်။

စာရေးသူရဲ့ ဖခင်က ဗေဒင်ယုံကြည်သူ တစ်ဦးဖြစ်တဲ့အတွက် အဖေ့ ဗေဒင်ဆရာရဲ့ ဟောကိန်းအရ နိုင်ငံခြားသွားရမယ်၊ နိုင်ငံကြီး (၃) နိုင်ငံကိုရောက်မယ်လို့ ပြောကြားခဲ့တယ်။ သူက ဂျပန်နဲ့ အမေရိကန်နိုင်ငံကို ဖော်ပြခဲ့ပါတယ်။ ပြောတဲ့အတိုင်းလည်း မှန်သလိုလို ရောက်ရှိခဲ့ပါတယ်။ ဂျပန်နဲ့ အမေရိကန် ကို ရောက်ရှိဖို့ဆိုတာ ငွေကြေးအခက်အခဲ၊ ဗီစာ ရရှိဖို့အခက်အခဲတွေနဲ့ မသေချာပေမဲ့ ဘာသာစကားသင်ယူခြင်း၊ ကားမောင်းသင်ယူခြင်း စတဲ့ကြိုတင်ပြင်ဆင်မှုတွေကိုတော့ အနည်းနဲ့အများ ပြုလုပ်ခဲ့တတ်ကြပါတယ်၊ ဟုတ်တယ်မဟုတ်လား။

ဗေဒင်ဆရာမဖော်ပြနိုင်ခဲ့တဲ့ နောက်ထပ်သွားရမဲ့ နိုင်ငံကြီး တစ်ခုကို မကြာသေးခင်ကပင် စာရေးသူ သိရှိခဲ့ရပါတယ်။ အဲဒီ နိုင်ငံကို သွားဖို့က အရင်တုန်းက ဂျပန်နဲ့ အမေရိကန်တို့လို မသေမချာနဲ့ ကြိုတင်ပြင်ဆင် မျှော်မှန်းစိတ်ပင်ပန်းခဲ့ရတာမျိုးမဟုတ်ပါဘူး၊ အဲဒီနိုင်ငံကို သေချာပေါက်ရောက်မယ်ဆိုတာကို ကတိပေးခဲ့တဲ့သူနဲ့ သေချာပေါက်ခေါ်ယူမယ်ဆိုတာကို အသိပေးတဲ့ သူနှစ်ဦးကို တွေ့ဆုံခဲ့ရပါတယ်။ ကတိပေးခဲ့သူကတော့ သခင်ယေရှု ဖြစ်ပြီး ခေါ်ယူမယ်ဆိုတာကို ပြောခဲ့သူကတော့ ဘုရားသခင်ကိုယ်တိုင်ဘဲဖြစ်ပါတယ်။ အဲဒီနိုင်ငံကတော့ ကောင်းကင်နိုင်ငံတော်ဘဲဖြစ်ပါတယ်။

ဟုတ်ပါတယ် မိတ်ဆွေရဲ့ဘဝ၊ စာရေးသူရဲ့ဘဝမှာ နောက်ထပ်သေချာပေါက်သွားရမဲ့နိုင်ငံကတော့ ကောင်းကင်နိုင်ငံဘဲ ဖြစ်ပါတယ်(ခရစ်တော်ကို မိမိရဲ့ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်လျှင်)။ နိုင်ငံတစ်နိုင်ငံကို ဝင်ရောက်နေထိုင်နိုင်ဖို့ ဗီစာရရှိဖို့လိုပါတယ်။ အဲဒီလိုဘဲ ကောင်းကင်နိုင်ငံကို ရောက်ရှိဖို့ပြည်ဝင်ခွင့် ဗီစာရရှိဖို့လိုပါတယ်။

ခရစ်တော်က “ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်” ဟုပြောခဲ့ပါတယ်။ ဟုတ်ပါတယ် ခရစ်တော်ကို ယုံကြည်လက်ခံသောသူသည် မိမိဘဝမှာ ကြုံတွေ့နေရတဲ့ အခက်အခဲများ၊ ကျော်လွှားသွားနိုင်မည်၊ အောင်မြင်နိုင်မည်၊ သေလွန်သော်လည်း ရှင်ပြန်ထမြောက်မှာဖြစ်ပါတယ်။

ကောင်းကင်နိုင်ငံတော်ကိုဝင်ဖို့ ခရစ်တော်သေချာပေါက်ပြောခဲ့တာကတော့ ရှင်မဿဲခရစ်ဝင် ၇ း ၂၁ “သခင်၊ သခင် ဟု ငါ့ကိုလျှောက်သောသူတိုင်းကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်” လို့ဖြစ်ပါတယ်။

စာဖတ်သူအယောက်တိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်နိုင်ရန် အဆင်သင့်ပြင်ဖို့နှင့် ကောင်းကင်နိုင်ငံတော်၌ အခက်အခဲမရှိ အချိန်မှီကြိုတင်ပြင်ဆင်နိုင်ကြပါစေလို့ ဆုတောင်းရင်းဖြင့်. . . “မင်းသေရင်ကောင်းကင်နိုင်ငံကိုရောက်မယ်ဆိုတာယုံလား၊ မယုံရင်ငါလက်တွေ့ပြရမလား” လို့ပြောကြားခဲ့တဲ့ ဘုရားသခင်ရဲ့ကတိစကားကို ယုံကြည်လျက်....

ညီညီ (ဝါရှင်တန်ဒီစီ)

# ကောင်းကင်သို့အလည်တခေါက်

(ယခင်လမှအဆက်)

## ‘‘ရွှေမြို့တော်သို့’’

‘ဒို့ခရီးဆက်ရမယ်’ လို့ကောင်းကင်တမန်က ပြောတယ်၊ ‘မင်းအတော်အားနည်းနေပြီ ဒါတွေစားဦး’ လို့အသီးတွေပေးတာကြောင့် စားရတယ်။ ရွှေမြို့တော်ဆီကိုဦး တည်သွားနေကြတဲ့ ‘ကယ်တင်ခြင်းတန်ဆာ’ မျှသာဝတ်ထားရသူတွေဆီကိုချည်းကပ်ရတာတွေ့တယ်၊ အလွန်ချိုနဲ့ဟန်ပေါ့၊ အသီးတွေစား အရွက်ကိုရှုပြီးရှေ့ဆက်ကြ၊ ပြန်လှည့်ကြ၊ ခူးစားကြနဲ့လေ။ မြို့ရိုးအနီးကိုရောက်တော့ (ဗျာ ၂၁း၁၇–၁၈)မှာဖော်ပြထားတဲ့အတိုင်း၊ အလွန်တရာတောက်ပလင်းလက်တဲ့ နဂါးသွဲ့ကျောက်မြို့ရိုးဟာ ကြီးမားကျယ်ပြန့်လွန်းပါတယ်။ မြို့ရိုးအမြစ်တစ်ဆယ်နှစ်ထပ်အနီးကို ချည်းပြီး (ဗျာ ၂၁း၁၄) မှာပါတဲ့အတိုင်း တမန်တော်ဆယ့်နှစ်ပါးအမည်ကိုကြည့်မိတယ်၊ အောက်ဆုံးက ‘ပေတရု’ ပြီးတော့ ဒုတိယမှာ ‘ပေါလု’ ဖြစ်နေတယ်၊ ကျွန်တော်က ‘ယောဟန်’ ဖြစ်မယ်ထင်တာ မဟုတ်ပါကလား၊ တတိယမှ ‘ယောဟန်’ ဖြစ်နေတယ်။

ဆက်ပြီးကြည့်မယ်လုပ်နေတုန်း ‘‘ဝင်စို့ – ကြာနေပြီ’’ ဆိုပြီး၊ ကောင်းကင်တမန်က တုံ့ဆိုင်းဆိုင်းလုပ်နေတဲ့ကျွန်တော်ကိုလက်ဆွဲခေါ်ပါလေရော၊ ရထားလုံးပေါ်ပြန်တက်ပြီးမြို့တော်ထဲဝင်ရတယ်။ မြို့အတွင်းအဝင်လက်ျာဘက်ဆီမှာ အသက်စာရင်းစာအုပ်ကြီး ကိုတွေ့ရတယ်၊ အလွန်ကြီးလှတယ်၊ စာရွက်တွေဟာ၊ ရွှေရောင်အဝတ်တွေနဲ့ ချုပ်ထားဟန်တူတယ်။ အဲဒီမှာ လူတွေများစွာဟာ ရပ်လျှက်ရှိနေတယ်၊ ရထားလုံးရပ်မပေးလို့ ကြည့်ခွင့်မရတာကြောင့်၊ ဘာလုပ်နေကြတယ်ဆိုတာမသိရဘူး။ မကြာခင်မှာ ရုတ်တရက်ဘဲရထားလုံး ရပ်တန့်သွားတယ် ‘‘ဒူးထောက်ပြီးကိုးကွယ်ပါ ကိုယ်တော်လာနေပြီ’’ လို့ကောင်းကင်တမန်ကပြောချိန်မှာ ကျွန်တော်ဟာချိန်နဲ့အားပြတ်ပြီးလဲကျသွားခဲ့တယ်။ ဒါနဲ့သူက အသီးအချို့ကိုထပ်ကြွေးတယ်၊ ကိုယ်တော်ဟာ ကလေးများကိုပိုက်ပွေ့လျှက် လာနေတယ်၊ ပတ်လည်မှာလည်း ကလေးတွေဝိုင်းရံလျှက်ပေါ့၊ ကလေးတွေဟာစောင်းကလေးတွေပိုက်လျှက် ချီးမွမ်းသီဆိုလျှက်လေ။ ကိုယ်တော်ဟာ အလွန်တရာကျက်သရေရှိစွာ တင့်တယ်ချောမောလှပလွန်းတယ်လို့ မျှသာကျွန်တော်ဖော်ပြနိုင်စွမ်းရှိတယ်။ ကျွန်တော့်အရှေ့ကိုရောက်လာတဲ့ ကိုယ်တော်ရဲ့ခြေတော်ရင်းမှာ ပြပ်ဝပ်လိုက်ပါတယ်။

ခြေတော်ဟာ လှပသန့်စင်လွန်းတယ်၊ ပြောင်လက်တောက်ပနေတဲ့ကြေးဝါစစ်အလား လင်းလက်နေတယ်၊ ခြေအစုံမှာ ကျွန်တော်ထင်ခဲ့သလိုအမာရွတ်မျှသာရှိနေတာမဟုတ်ဘဲ အမေရိကန်သုံးငါးပြားစေ့ခန့် (အချင်းနှစ်စင်တီမီတာ) အဝန်းအဝိုင်းရှိတဲ့၊ သံချက်ရာကိုဒိုးယိုပေါက် တွေ့ရပါတယ်။ ဒီဟောင်းလောင်းပေါက်ထဲက တောက်ပလင်းလက်တဲ့ ရောင်စဉ်တွေထွက်ပေါ်နေပါတယ်၊ ကားတိုင်မှကိုယ်တော်ဘယ်မျှခံစားနေရမှာလည်းဆိုတာ ချက်ခြင်းမြင်ယောင်ပြီး ကြေကွဲမိပါတယ်၊ ‘‘အတော်ကြီးတဲ့သံချက်ရာပါ’’ ‘ဂျက်ဆီမတ်တပ်ရပ်ပါကွယ်’ လို့ကျွန်တော့်ပုခုံးပေါ်လက်တင်ပြီးညင်သာစွာပြောလာတာကြောင့်ရပ်လိုက်ရပါတယ်။ ကိုယ်တော့်လက်အစုံမှာလဲ သံချက်ရာက ဒိုးယိုပေါက်ပါဘဲ။ တောက်ပထက်မြက်ခြင်း၊ လင်းလက်ခြင်း၊ လှပတင့်တယ်ခြင်းစတဲ့ ဘုန်းအသရေတော်နဲ့ ပြည့်စုံတဲ့ ကိုယ်တော့်အကြောင်းကို၊ ကုန်စင်အောင် တင်စားနိုင်စွမ်း မရှိပါဘူးစိန်စီသလို တောက်ပပြောင်လက်နေတဲ့ ဝတ်ရုံကိုကိုယ်တော် ဆင်မြန်းထားတယ်၊ အရပ်တော်က ခြောက်ပေ တစ်လက်မ လောက်ရှိမယ်လို့ခန့်မှန်းမိပါတယ် ‘ဆံတော်ကလည်းရွှေညိုရောင် တောက်ပြီးလင်းလက်နေလျှက်ပေါ့’ ‘‘ဂျက်ဆီ၊ ဒီနေရာကိုသဘောကျလား’’ တဲ့

## ‘‘ပြန်ကြွလာချိန်’’

ကိုယ်တော်ဟာ ကျွန်တော့်ကိုခေါ်ယူရခြင်းအကြောင်းရင်းကတော့၊ လူသားတွေဆီကို ကိုယ်တော်ပြန်ကြွလာတော့မယ့်အကြောင်းပြောဘို့ဖြစ်တယ်တဲ့၊ ‘ကိုယ်တော်ရယ်ကျွန်တော်

ပြောတာ ယုံကြမှာမဟုတ်ဘူး’ လို့ဆိုတော့–‘သူတို့ဟာ ဟိုရှေးကာလကတည်းက မယုံခဲ့ကြပါဘူးကွယ်၊ ဒါပေမဲ့ကိုယ်တော်ကြွလာခဲ့တာပဲမဟုတ်လား၊အခုလဲပြန်ကြွလာရဦးမှာပါ’ လို့ပြောတယ်။ ပြီးမှကျွန်တော်ပုခုံးပေါ်ကို ညင်သာစွာလက်တင်ပြီး ကိုယ်တော်ဟာကျွန်တော့်မျက်လုံးထဲကိုကြည့်ပြီး ပြောရှာတယ်။ ‘‘ဂျက်ဆီမင်းဟာ ဒီနေရာမှာလေ့လာစရာ အလွန်များမှာပါ၊ ဒါပေမဲ့မင်းလာရခြင်း အဓိကအကြောင်းအရင်းကတော့ ကိုယ်တော်ပြန်ကြွလာမဲ့အကြောင်း လူတွေကိုပြောဘို့ပါကွယ်’’ လို့ဆိုတယ်။ ‘သူတို့သိပြီးသားလည်းဖြစ်တယ်မဟုတ်လား ကိုယ်တော်ရယ်’ လို့ကျွန်တော်စောဒကတက်တော့ ‘‘မဟုတ်ပါဘူးကွယ်၊ သူတို့မသိပါဘူး၊ ပြောဖြစ်အောင်ပြောပေးပါကွယ်’’ လို့ဆိုတယ်။

ကိုယ်တော်ဟာ အလွန်ချစ်တတ်သူပါကလား၊ ဂရုဏာကြီးမားလွန်းတဲ့ ကိုယ်တော့် မျက်ဝန်းမှာလင်းလက်ဖိတ်လျှံနေတဲ့ ချစ်ခြင်းမေတ္တာရောင်စဉ်တွေကို တွေ့မြင်နေရတယ်။ သင်ဟာ ကိုယ်တော်ကိုထိတွေ့မိရင် လျှပ်စစ်လိုင်းစီးကြောင်းကိုလည်း ခံစားရမယ်၊ ပြီးတော့ ကိုယ်တော်ဟာ – ‘‘အလင်းတော်’’ ပါဘဲလို့ သင်ပြောဦးမယ်၊ ကျွန်တော်မေးမိတယ် ‘‘ဒီကလေးတွေကို ကိုယ်တော်ဘဲ တာဝန်ယူထားတာမဟုတ်လား’’ ဆိုတော့ ‘‘ဒါပေါ့ကွယ် ဖန်ဆင်းထားတဲ့ တစ်စုံတစ်ဦးကိုမှ ကိုယ်တော်အဆုံးမခံနိုင်ဘူး’’ တဲ့လေ၊ ဒါတင်မက များစွာသောကျွန်တော်သိလို့မေးချင်သမျှတွေကို စကားမဟခင်မှာ ကိုယ်တော်ကသိနှင့်ပြီး အဖြေပေးခဲ့တာတွေ့တယ်၊ ကိုယ်တော်ဟာအရာရာကိုသိနှင့်သူပါ။ ပြီးမှ ကိုယ်တော်ကကျွန်တော့်ကို၊ အခြားနေရာတွေဆီခေါ်သွားလိုက်ပြပါလို့ လွှတ်လိုက်တယ်။ ကျွန်တော်နေရမဲ့အိမ်နဲ့တကွ၊ နေရာအတော်များများကို ကြည့်မြင်ခဲ့ရပါတယ်။

## ‘‘ဘုရားရှင်၏ပလ္လင်တော်’’

ကောင်းကင်တမန်ဟာကျွန်တော့်ကို ပလ္လင်တော်ရှိရာအရပ်ကို ခေါ်ဆောင်သွားပါတယ်၊ သာ၍နီးလာလေ သာ၍ချိန့်လာတဲ့ ကျွန်တော်ပါဘဲ၊ လူသန်းပေါင်းများစွာစုရုံးနေကြပါပြီ၊ သူတို့လည်း ကျွန်တော်လို ချိန့်နဲ့ပုံရပါတယ်၊ ပလ္လင်တော်ကြီးရဲ့ အနီးမှာ ပလ္လင် ၂၄ ခုကို (ဗျာ ၄း၄) အတိုင်းတွေ့ရပါတယ်၊ တစ်စုံတစ်ဦးမျှရှိမနေလို့မေးကြည့်တော့ ‘‘အခြားသူတွေကို မစကူညီနေကြတယ်’’ လို့ဖြေတယ်။ ကျွန်တော်မြင်ခဲ့တာက၊ ဖြောင့်မတ်ခြင်းဝတ်လုံခြုံထားသူတိုင်းဟာ၊ အားနည်းချိနဲ့သူတွေကို ကူညီနေကြဆဲဖြစ်ကြောင်းပါ။ (မာ ၁၀း၄၃ – ၄၅) မှာ ကိုယ်တော်ကဝေဠခဲ့ပြီးပါပြီ ‘သင်တို့တွင် အကဲအမျူးပြုလိုသူသည်၊ သင်တို့၏အစေခံဖြစ်ရမည်။ အထွဋ်အမြတ်လုပ်ချင်သူသည်၊ စေခိုင်းရာကျွန်ဖြစ်ရမည်’ တဲ့လေ။

## ‘‘ကောင်းကင်တမန်များ၏ချီးမွမ်းသံ’’

သန်းပေါင်းများစွာ ရောက်ရှိရပ်တန့်စုရုံးနေတဲ့ ဒီနေရာမှာ၊ အလွန်ကြီးမားလှတဲ့ ကောင်းကင်တမန်များစွာဟာ အထက်ဝန်းကျင်တခိုမှာ လှည့်လှယ်ဝဲပျံရင်း ချီးမွမ်းကျူးဧ နေကြပါတယ်၊ တောင်ပံတွေရဲ့အလျားက ပေသုံးဆယ်ခန့်ရှိနိုင်တယ်။ ကျွန်တော့်ကိုလိုက်ပြနေတဲ့ကောင်းကင်တမန်က တောင်ပံမရှိဘူး လူတွေလိုဘဲ။ ပလ္လင်တော်ဆီကိုဆက်ပြီး ချဉ်းကပ်လာရတယ်၊ နီးလာလေလေ ချိန့်လေလေပေါ့၊ ဘုရားရှင်ရဲ့ဘုန်းတန်ခိုးတော်အရှိန်အဝါကြောင့်ပါဘဲ၊ အရွယ်အစား၊ အဆင့်အတန်း၊ အခြေအနေအားလုံး တပြေးတည်းရှိနေကြတယ်။ ရုတ်တရက် ပလ္လင်တော်ဆီကရောင်ခြည်တော်အလင်းတန်း စီးကြောင်းတစ်ခုဟာ ကျွန်တော်ရပ်နေရာဆီကိုရောက်လာတော့ထိမှန်ပြီး ကျွန်တော်လဲ ကျသွားရပါတယ်၊ အသီးတွေထပ်မံကျွေးပေမဲ့ ပြန်ထနိုင်စွမ်းမရှိပါဘူး၊ ဒူးတွေက ချောင်နေဆဲဖြစ်တယ်၊ ဘုရားရှင်ထံက ဘုန်းတော်ဘိသိက်ခြင်းဟာလူအားလုံးဆီကိုရောက်နေပါတယ်၊ ရပ်နေသည်ဖြစ်စေ၊ လဲနေရသည်ဖြစ်စေခံစားနေရပါတယ်။ ကြမ်းခင်းဟာ အလွန်လှပတဲ့ရွှေကျောက်ပြားတွေနဲ့ပါ၊ ဖိတ်ဖိတ်တောက်ပြီး ပြောင်လက်နေပါတယ်။ မြင်လေသမျှဟာ လှလွန်းပါပေတယ်၊ မထနိုင်လို့ကြမ်းပေါ်မှာ ဆက်လက်လဲလျောင်းရင်း၊ မျက်နှာမူရာကဖြာထွက်နေတဲ့ ရောမလင်းရောင်ခြည်ဆီကို မျှော်ကြည့်တော့မြင်ရပါပြီ။ ကျွန်တော်တို့ရဲ့ယေဟောဝါဘုရားရှင်ပေါ့..........။

ဆရာမစန်းစန်းမြင့်

*ဘာသာပြန်သူအမှာ။ အာဗြဟံ၊ ဒါဝိဒ်၊ ပေါလု၊ ယောနနှင့်တကွ အခြားလူများကို သူတွေ့ဆုံစကားပြောဆိုခဲ့ရပါတယ်။ TBN ခရစ်ယာန်အစီအစဉ်မှာနေ့စဉ်နာရီဝက် အချိန်ယူဝေငှနေရဆဲ ဖြစ်တဲ့ Dr Jesse Duplantis ပါ၊ သူရေးတဲ့ “Heaven Close Encounters of the God Kind” စာအုပ်ဟာ စာမျက် နှာ (၁၈၅) အထိရှိပါတယ်၊ ယခုလိုအကျဉ်းရုံးမျှခြုံငုံဖော်ပြရတာ အားမရလှပါဘူး၊ ဝယ်ယူဖတ်ရှုစေလိုပါတယ်၊ ခရစ်ယာန်စာပေ ဆိုင်တိုင်းမှာရနိုင်ပါတယ်။*

# ထိုအရှင်ကိုမှတ်မိပြီလား

ကျွန်ုပ်တို့အားလုံး ရုပ်ဖျက်ဟန်ဆောင်၍ ကစားဘူးကြပေမည်။ ကလေးဘဝအရွယ်ကမည်သူမဆို အဖိုး၊ အဖွား၊ မိဘ၊ ဆရာသမား၊ စသည်တို့၏အဝတ်အစားအချို့ကိုဝတ်ဆင်ပြီး သဏ္ဍာန်လုပ်သရုပ်နှင့်တူအောင်ကစားလေ့ရှိကြပါသည်။ တစ်ခါတရံနာမည်ကြီးအနုပညာရှင်၊ ခေါင်းဆောင်တို့သည် သတင်းထောက်၊ အင်တာဗျူးကင်မရာမင်းတို့လက်မှလွတ်မြောက်ရန် သွားလာကြရာတွင် မျက်မှန်တပ်ဆင်ခြင်း၊ ဆံပင်တုတပ်ခြင်း၊ အစရှိသဖြင့်ရုပ်ဖျက်ကြလေသည်။ ဂျော်ဒန်ဘုရင်ဟူစိန် အသက်ထင်ရှားရှိစဉ်က အလွန်လူသိများသည့်အရာမှာ သူသည်မကြာမကြာရုပ်ဖျက်ပြီး တိုင်းရေးပြည်ရေးသိရန်သွားရောက်စုံစမ်းလေ့ရှိခြင်းပင်။ လမ်းကြိုလမ်းကြားမကျန် လူထုနှင့်ရောနှောပြီး လူထုတို့၏အခြေအနေခံစားချက်တို့ကိုအရယူကာ လက်တွေ့ကူညီဖြေရှင်းတတ်ခဲ့လေသည်။

‘‘ဟာ .. ဒီအလုပ်သမားကလူသစ်လား၊ အရင်ကငါတစ်ခါမှ မမြင်ဘူးပါဘူး’’

ပထမလူ၏အမေးကို ဒုတိယလူကခေါင်းညိတ်အတည်ပြုရင်း ‘‘အေး ... ငါလည်းဒီလူကိုစောင့်ကြည့်နေတာပဲ၊ ငါ့အထင်တော့ ဒီလူကဘုရင့်ပုံစံမပေါက်ပါဘူး။ ဒို့လိုဝတ်စားထားတာပဲ’’

‘‘အေးပါ ... ဒါပေမဲ့အနီးကပ်ကြည့်စမ်းပါလား ... သူ့ရဲ့ အရုပ်အမောင်း သွားလာပုံနဲ့အသံနေအသံထား
– အို – ဒါတင်မကဘူး၊ သူ့ရဲ့လက်ကိုကြည့်ပါလား .. ဒါ .. ရုပ်ဖျက်ထားတဲ့ ဒို့ဘုရင်ပဲဖြစ်ရမယ်’’

ပထမလူသည် ဒုတိယလူ၏စကားဆုံးသည်နှင့် သေချာစွာကြည့်ရှင်းသိလိုက်ရသည်ကား သူတို့၏ဘုရင်ဟူစိန်ပင်ဖြစ်နေသည်။ နှုတ်ကပတ်တော်၌ဖော်ပြထားသည်ကား ‘‘ဘုရင် ဖြစ်သောယေရှုခရစ်တော်သည်လူ၏သဏ္ဍာန်ကိုယူဆောင်၍ လောကသို့ ကယ်တင်ခြင်းငှာကြွလာတော်မူ၏’’ (ဖိလိ ၂း၅ – ၇)

ဒီကနေ့လူအချို့တို့သည်ယေရှုခရစ်မည်သူဖြစ်မှန်း မသိကြသော်လည်း လောကသို့ရုပ်ဖျက်၍ကြွလာတော်မမူခဲ့ပေ။ အံ့သြဖွယ်သောအမှုတို့ကိုရှင်းလင်းစွာ ဟောကြားမိန့်မြွက်ရင်း လူသားတို့ကိုကယ်တင်ရန် ကျွန်ုပ်တို့ ကဲ့သို့ လူ့အသွင်ကို ယူဆောင်ကာကြွမြန်းခဲ့လေသည်။ ခရစ်တော်၏တရားဓမ္မနှင့် ပြုတော်မူသောတန်ခိုးတော်မဟာတို့ကို လူတို့သည်သိ၍မြင်တွေ့ကြားသိကြသော်လည်း အချို့မှာယေရှုသည်ဘုရားစင်စစ်ဖြစ်ကြောင်း မမှတ်မိကြသေးချေ၊ အချို့မှာကားမေးခွန်းမျိုးစုံဖြင့် ‘‘သူဟာ လက်သမားသားမဟုတ်လော’’ ‘‘ပညာရှိတစ်ယောက် ...အဟောအပြောကောင်းသူမဟုတ်လော’’ စသဖြင့် ယနေ့ထိတိုင်အောင် မေးနေကြဆဲပင်။

လူတွေကငါ့ကိုဘာလို့ထင်ကြသလဲဟု ခရစ်တော်သည် တပည့်တော်တို့အား မေးချိန်တွင်ပေတရုက ‘‘ကိုယ်တော်ဟာ ခရစ်တော်၊ အသက်ရှင်တော်မူသောဘုရားရဲ့သားတော်ဟူ၍’’ ဖြေလေသည်။ (မာ ၈း၂၇)

နောင်တစ်ချိန်ပြန်မေးတော်မူသောအခါတွင်လည်း ‘‘ကိုယ်တော်ဟာ ခရစ်တော်၊ အသက်ရှင်တော်မူသောဘုရားရဲ့သားတော်’’ ဟူ၍ပင်ဖြေကြားခဲ့လေသည်။ (မ ၁၆း၁၆ ၊ ယော ၆း၆၉ )

တပည့်တော်စုသည် သုံးနှစ်သုံးမိုး ခရစ်တော်နှင့်အတူ သွားလာခြင်း၊ ခရစ်တော်၏ဟောပြောသွန်သင် ချက်တို့ကို ကြားသိရုံမက ပြုတော်မူသောနိမိတ်လက္ခဏာတို့ကို မျက်မြင်မြင်ရခြင်းဖြင့် တစ်ချိန်လုံးနီးပါး အနီးကပ်နေရင်း သူတို့သိလာသည့်အရာမှာကား

ခရစ်တော်၏အသက်တာ စ၊ လယ်၊ ဆုံး
သွားလာ၊ မိန့်မြွက်တော်မူပုံ

ပြုမူဆောင်ရွက်တော်မူပုံအားလုံးတို့သည် ကြိုတင် ပရောဖက်ထားရှိချက်တို့နှင့် ဆံခြည်တစ်ပင်မျှမလွဲ ပြည့်စုံနေမှုတို့ကို တွေ့ရှိကြရလေသည်။ ထိုမျှမကရောမစစ်သားများကပင် ‘ထိုကဲ့သို့မည်သူကမျှမဟောမပြောဘူး’’ ဟူ၍ဝန်ခံခဲ့ကြလေသည်။ (ယော ၇း၄၆)

(နောက်လဆက်ဖတ်ရန်)

– စယ်မြူရယ်စိုးလွင်